The Democratic Local Government Administration (Amendment) Act 1951.
(Act No XVIII of 1951)

# ၁၉၅၁ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၀။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၄၉ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေ၏ပုဒ်မ ၂၅ အစား၊ အောက်ပါကိုထည့်သွင်းရမည်။

"၂၅။ ။(၁) ပုဒ်မ ၂၄ အရ ကျေးရွာ တရားရုံးက တပ်ရိုက်သည့် ငါးဆယ်ထက်မပိုသော ငွေဒဏ်ကို၊ သို့တည်းမဟုတ် အပြစ်မပေးဘဲ လွှတ်ရန် ချမှတ်သည့်အမိန့်ကို၊ သို့တည်းမဟုတ် တရားသေလွှတ်ပစ်သည့်အမိန့်ကို မည်သည့်ရုံးသို့မျှအယူမခံရ။ သို့သော် ထိုအမှုထို တရားနှင့်ညီစွာစီရင်သည် မစီရင်သည်ကို စီစစ်နိုင်ရန် စက်ရှင်တရားသူကြီးသည်၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးသည်၊ မိမိ ပြုလိုအလျောက်သော်၎င်း၊ ခရိုင် ရှေ့နေ၏ တိုက်တွန်းချက်အရသော်၎င်း၊ သက်ဆိုင်ရာအမှုသည်၏ လျှောက်ထားချက်အရသော်၎င်း၊ အမှုတွဲကိုတောင်းယူနိုင်သည်။ ထိုစက်ရှင် တရားသူကြီးသည်၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးသည်—

(က) ကျေးရွာတရားရုံးက တရားခံအား တရားသေ လွှတ်ပစ်သည့် အမိန့်ကိုပယ်ဖျက်၍၊ ထိုနယ်ဆိုင်ရာ ရာဇဝတ်တရားသူကြီးရုံးတခုခုက ထိုတရားခံအား ပြန်၍စစ်ဆေးရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုထင်ရှားစီရင်ချက်နှင့် ပြစ်ဒဏ်ကိုပယ်ဖျက်၍၊ တရားခံကို တရားရှင်ဖြစ်စေ၊ တရားသေဖြစ်စေ၊ လွှတ်ပစ်ခြင်းကိုသော်၎င်း၊ စစ်ဆေးပိုင်ခွင့်ရှိသော လက်အောက် တရားရုံးက ပြန်လည် စစ်ဆေးစေရန် အမိန့် ချမှတ်ခြင်းကိုသော်၎င်း ပြုနိုင်သည်၊ သို့တည်းမဟုတ် ပြစ်မှုထင်ရှား စီရင်ချက်ကို ပြင်ဆင်ခြင်းမပြုဘဲ ပြစ်ဒဏ်ကိုလျှော့ပေါ့နိုင်သည်၊ သို့တည်းမဟုတ် ပြစ်ဒဏ် ထင်ရှား စီရင်ချက်ကို ပြင်ဆင်၍ ဤအက်ဥပဒေအရ ပေးနိုင်သော ပြစ်ဒဏ်ကိုချမှတ်နိုင်သည်။

(ဂ) အခြားမည်သည့် အမိန့်ကိုမဆို ပြင်ဆင်နိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

Price.—One anna.]

ခြွင်းချက်။ ။သို့ရာတွင် တရားခံကိုယ်တိုင်ဖြစ်စေ ရှေ့နေဖြင့်ဖြစ်စေ၊ ထုချေရန်အခွင့်မပေးဘဲ၊ ထိုတရားခံ အကျိုးယုတ်လျော့နစ်နာအောင် ဤပုဒ်မခွဲ၏ အပိုဒ် (က)၊ သို့ဘည်းမဟုတ် (ခ)၊ သို့တည်းမဟုတ် (ဂ) အရ မည်သည့်အမိန့်ကိုမျှ မချမှတ်ရ။

(၂) ပုဒ်မ ၂၄ အရ၊ ကျေးရွာ တရားရုံးက တပ်ရိုက်သည့် ဒဏ်ငွေငါးဆယ်ထက်ပိုသောစီရင်ချက်ကိုသော်၎င်း၊ လျော်ဒဏ်အပြစ်ပေးသည့် စီရင်ချက်ကိုသော်၎င်း၊ ခရိုင်ရာဇဝတ် တရားသူကြီးရုံးတွင်ဖြစ်စေ၊ နိုင်ငံတော်သမဟာက သတ်မှတ်ခဲ့လျှင်၊ စက်ရှင်တရားသူကြီးရုံးတွင်ဖြစ်စေ အယူခံနိုင်ခွင့်ရှိသည်။ ''

၃။ ။အဆိုပါ အက်ဥပဒေ၏ပုဒ်မ ၂၉ အစား အောက်ပါကို ထည့်သွင်းရမည်။

'' ၂၉။ ။တည်ဆဲအခြားတရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ကျေးရွာတရားရုံးက ရုံးတလိုင် ထောင်ဒဏ်နှင့်တွဲလျက် ငွေဒဏ်အပြစ်ပေးသည့်အမှုများနှင့် ငွေဒဏ်သာတပ်ရိုက်သည့် အမှုများတွင် ကျေးရွာတရားရုံးသည် ပြစ်မှု ထင်ရှားစီရင်ခံရသူအား ဒဏ်ငွေမပေးဆောင်လျှင်၊ ထိုငွေဒဏ်အစား ကျေးရွာ အကျိုးရှိမည့်အလုပ်ကို ဤကိစ္စအလို့ငှါ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ရန် အပြစ်ပေးစီရင်နိုင်သည်။ ထိုအလုပ်ကို မလုပ်မကိုင်ငြင်းဆိုလျှင်၊ နည်းဥပဒေများနှင့်အညီသတ်မှတ်သည့် ထောင်ဒဏ်အပြစ်ပေးစီရင်နိုင်သည်။ ''

G.U B.C.P.O.—No. 141, Min. of J.A. 25-5-51—2,000—II.